# ရန်ကုန်ပရိုတက်စတင့်ပြန်လည်ပြုပြင်သောအသင်းတော်
# Yangon Protestant Reformed Church
## တနင်္ဂနွေစာစောင်၊ နံပတ် (၄၅)

နေ့စွဲ – ၁၉. ၉. ၁၀

### ဘုရားသခင်၏တဆူတည်းဖြစ်ခြင်း(God's Oneness)

"အိုဣသရေလအမျိုး၊ နားထောင်လော့၊ ငါတို့ဘုရားသခင် ထာဝရဘုရားသည် တဆူတည်းသော ထာဝရဘုရား ဖြစ်တော်မူ၏။" ထိုတရားဟောရာကျမ်း ၆း၄ နှင့်ဆက်နွယ်နေသောကျမ်းပိုဒ်တို့က ဘုရားသခင်၏ တဆူတည်းဖြစ်ခြင်း(တစ်ဖြစ်ခြင်း)၏ အရေးကြီးမှုကို ပြောပြနေပါသည်။

မိမိ၏ပညတ်တော်များထဲ၌ ဘုရားသခင်မိန့်တော်မူသောအရာများတွင် သူ၏တဆူတည်းဖြစ်ခြင်းသဘောသည် အရေးကြီးဆုံးဖြစ်သည်ဟု ဤကျမ်းပိုဒ်က ပြောပြနေပါသည်။ ထိုအချက်ပေါ်၌ ပညတ္တိကျမ်းများနှင့်ပရောဖက်ကျမ်းများတွင် ရေးထားသမျှသောအရာများ တည်မှီနေပါသည်(မဿဲ ၂၂း၃၅၊ လုကာ၁၀း၂၅)။ တကယ်တမ်းပြောရလျှင် "ဘုရားသခင် တပါးတည်းသာရှိသည်"ဆိုသည့်ပညတ်မှလွဲ၍ အခြားပညတ်များမရှိပါဟု ပြောနိုင်ပါသည်။

ဘုရားသခင်သည် တဆူတည်းသာဖြစ်တော်မူသည်ဟု သိခြင်းသည် ဘုရားသခင့်လူများဖြစ်ကြသည့် ကျွန်တော်တို့၏ အဓိကတာဝန်ဖြစ်ပါသည်(တရား ၆း၅)။ ထိုအမှန်တရားကို ကျွန်တော်တို့၏အိမ်အဝင် တံခါးပေါ်တွင် ရေးထိုးထားရပါမည်၊ သို့မှသာ ထိုအမှန်တရားကို အမြဲတမ်းတွေ့နိုင်ကြမည်ဖြစ်သည်(၈၊ ၉)။ ၎င်းအမှန်တရားသည် ကလေးများကို ကျွန်တော်တို့က သင်ပေးသောအရာများ၏ဗဟို ဖြစ်ရပါမည်။ ကျွန်တော်တို့ပြောသောစကားတို့၏ လိုရင်းအချက်ဖြစ်ရပါမည်။ ကျွန်တော်တို့၏ လမ်းညွှန်ချက်ဥပဒေသဖြစ်ပါသည်။ ကျွန်တော်တို့ဆင်ခြင်တွေးတောခြင်း၏ ခေါင်းစဉ်ဖြစ်ရပါမည်။ ကျွန်တော်တို့၏ဆုတောင်းခြင်းများ၏ အခြေခံအုတ်မြစ် ဖြစ်ပါသည်(၇)။ ၎င်းသည် ကောင်းချီးမင်္ဂလာအလုံးစုံ၏ အရင်းအမြစ်ဖြစ်သည်(၁၀၊ ၁၁)။ ဘုရားသခင့်ရှေ့တော်မှောက်၌ ကျွန်တော်တို့ ပြောင့်မတ်ခြင်းရဖို့ အခြေခံသဘောဖြစ်ပါသည်(၂၅)။ ဘုရားသခင်၏ တဆူတည်းဖြစ်တော်မူခြင်းကို မေ့လျော့ခြင်းသည်၊ ကျွန်တော်တို့ကို ကျွန်ခံနေရာအရပ်မှ ကယ်တင်လာသော ဘုရားသခင်ကို မေ့လျော့ခြင်း၊ စွန့်ပစ်ခြင်းနှင့် အတူတူဖြစ်ပါသည်။

ဘုရားသခင်၏တဆူတည်းဖြစ်တော်မူခြင်းအကြောင်း အဘယ်ကြောင့် ထိုမျှအရေးကြီးရသနည်း?

ပထမအနေနှင့်၊ ၎င်းသည် သုံးပါးတဆူအမှန်တရား၏ အစိတ်အပိုင်းတစ်ခုဖြစ်သောကြောင့် ဖြစ်ပါသည်။ သူသည် ပုဂ္ဂိုလ်အားဖြင့် သုံးပါးဖြစ်သော်လည်း တဆူတည်းဖြစ်ပါသည်။ ဤသုံးပါးတဆူဖြစ်သော ဘုရားသခင်မှတပါး၊ အခြားသောဘုရားတပါးပါးကို ကိုးကွယ်သူသည်၊ စစ်မှန်သောဘုရားသခင်မှ ရုပ်တုများသို့ ကူပြောင်းသူဖြစ်သည်။ ကျွန်တော်တို့၏မျှော်လင့်ခြင်းများနှင့် ကယ်တင်ခြင်းသည် ထိုအမှန်တရားအပေါ် တည်မှီနေပါသည်။ ၁ကော ၈း၅၆ က ယ္ခုလိုပြောပါသည်၊ "ဘုရားများအရှင်များဟု ဆိုသည်အတိုင်း ကောင်းကင်ပေါ်၊ မြေကြီးပေါ်မှာ ဘုရားဟူ၍ ခေါ်ဝေါ်သမုတ်သောသူ အများရှိသော်လည်း၊ အကြင်ဘုရားသခင်ထံက ခပ်သိမ်းသောအရာဖြစ်၍၊ အကြင်ဘုရားသခင်အဖို့အလို့ငှာ ငါတို့သည်ဖြစ်ကြ၏၊ ထိုခမည်းတော်ဘုရားသခင်တပါးတည်းသာ ငါတို့၌ရှိတော်မူ၏၊ အကြင်သခင်အားဖြင့် ငါတို့မှစ၍ ခပ်သိမ်းသောအရာ ဖြစ်ကြ၏၊ ထိုသခင်ယေရှုခရစ် တပါးတည်းသာ ငါတို့၌ ရှိတော်မူ၏။"

ဒုတိယအနေနှင့် ဘုရားသခင်၏တဆူတည်းဖြစ်တော်မူခြင်းအဓိပ္ပါယ်မှာ သူသည်သာ တပါးတည်းသော ဘုရားသခင်ဖြစ်သည်ဟု ဆိုလိုခြင်းဖြစ်သည်။ တခြားဘုရား မရှိပါ။ သူနှင့်တူနိုင်းစရာ ဘာမှမရှိ၊ ဘယ်သူမှမရှိပါ (ဟေရှာ ၄၀း၁၈)။

အထက်ပေါ်ပြပါအကြောင်းများကြောင့် ဘုရားသခင်၏တဆူတည်းဖြစ်တော်မူခြင်းအမှန်တရားသည် ကျွန်တော်တို့၏ဘဝတခုလုံးကို လွှမ်းခြုံသောအမှန်တရားဖြစ်ပါသည်။ သူတပါးတည်းသာ ဘုရားသခင်ဖြစ်တော်မူသဖြင့် သူမှလွဲ၍ ကျွန်တော်တို့အတွက် ချစ်မြတ်နိုးဖို့၊ ကိုးကွယ်ဝတ်ပြုဖို့၊ အမှုဆောင်ဖို့၊ နာခံဖို့ အခြားသူ တယောက်မှမရှိပါ။ သူတပါးထဲကိုသာ ကျွန်တော်တို့ သိစရာ၊ ရှိသေစရာ၊ ကြောက်ရွံ့စရာ လိုအပ်ပါသည်။ သူ့ထံကိုသာ မိမိတို့ကိုယ်ကို ဆက်ကပ်ကြပါသည်။ သူတပါးတည်းကိုသာ အားကိုးကြပါသည်။ အခြားသူတို့ထံတွင်မဟုတ်ဘဲ၊ သူတပါးတည်းထံတော်မှသာ ကျွန်တော်တို့သည် အရာခပ်သိမ်းကို ရှာဖွေကြပါသည်၊ သူတပါးတည်းထံသို့သာ ဆုတောင်းကြပါသည်။

၁ကော ၈း၅၊၆ က ပြောလိုသည်မှာ ထိုအချက်များကိုဖြစ်သည်။ ကျွန်တော်တို့သည် သူ့အထဲ၌၊ သူ့အားဖြင့်သာ ဖြစ်တည်ကြပါသည်။ အလုပ်တွင်ဖြစ်စေ၊ ကစားကွင်းတွင်ဖြစ်စေ၊ အိမ်တွင်ဖြစ်စေ၊ကျောင်းတွင်ဖြစ်စေ၊ ဘုရားကျောင်းတွင်ဖြစ်စေ၊ နိုးနေသည်ဖြစ်စေ၊ အိပ်နေသည်ဖြစ်စေ၊ စားနေသည်ဖြစ်စေ၊ တွေးနေသည်ဖြစ်စေ၊ စကားပြောနေသည်ဖြစ်စေ၊ ဆုတောင်းနေသည်ဖြစ်စေ၊ လမ်းလျှောက်နေသည်ဖြစ်စေ – အချိန်တိုင်းတွင်၊ ထာဝရကာလတိုင်အောင် ကျွန်တော်တို့အတွက် သူတပါးတည်းသာ ရှိတော်မူမည်ဖြစ်ပါသည်။ အခြားအရာအားလုံးသည် ရုပ်တုကိုးကွယ်ခြင်းများသာဖြစ်ကြပါသည်။

ထိုအချက်သည် ရှိသမျှလူသားတိုင်းအတွက်ဖြစ်ပါသည်။ အဘယ်ကြောင့်ဆိုသော် ဤတဆူတည်းသော ဘုရားသခင်ကသာ သူတို့အားလုံးကိုဖန်ဆင်းတော်မူ၍ အသက်ရှင်ခြင်း၊ ထွက်သက်ဝင်သက်နှင့်အရာအားလုံးတို့ကို ပေးတော်မူပါသည် (တမန် ၁၇း၂၅)။ ဤတုနှိုင်း၍မရသော ဘုရားသခင်သည် ယုံကြည်သူတို့၏ တဆူတည်းသော၊ တပါးတည်းသော ကယ်တင်ရှင်အဖြစ် ကျေးဇူးတော်အားဖြင့် မိမိကိုယ်ကို ဖြစ်လာစေတော်မူပါသည်။ သူတို့ကို မာနနှင့်အပြစ်များထဲမှ ကယ်တင်တော်မူပါသည်။ သူတို့၏ မျက်စိများကို လင်းစေလျှက်၊ သူတပါးတည်းသာ ဘုရားသခင်ဖြစ်ကြောင်း သိမြင်လာစေပါသည်။

ဘုရားသခင်၏တဆူတည်းဖြစ်တော်မူခြင်းကို တွေးလျှက် မောရှေက ဤသို့ပြောခဲ့ပါသည်၊ “သင်၏ဘုရားသခင် ထာဝရဘုရားကို စိတ်နှလုံးအကြွင်းမဲ့၊ အစွမ်းသတ္တိရှိသမျှနှင့် ချစ်လော့၊” (တရား၆း၅)။ သင် ထိုသို့ပြုပါသလား?

## ဘုရားသခင်၏ပြောင်းလဲတော်မမူခြင်းအကြောင်း(God's Immutability)

ဘုရားသခင်၏ပြောင်းလဲတော်မမူခြင်းအကြောင်းကို ကျွန်တော်တို့သည် တနှစ်၏အကုန်၊ နောက်တနှစ်၏အစပိုင်းတွင် တွေးလေ့ရှိကြပါသည်။ တနှစ်အတွင်း ကမ္ဘာကြီးထဲတွင် အကြောင်းအရာအတော်များများ ဖြစ်လေ့ရှိပါသည်။ ထိုအရာများက ကျွန်တော်တို့ဘဝများတွင်လဲ အပြောင်းအလဲများကို ဖြစ်စေပါသည်။ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးတို့သည် အဆက်မပြတ် ပြောင်းလဲနေကြပါသည်။ နေ့တိုင်း ကျွန်တော်တို့ဘဝများ၌ သက်ရောက်မှုများဖြစ်စေကြသည့် ကြီးမားပြောင်းလဲခြင်းသတင်းများ ပေါ်ထွက်လာနေပါသည်။ ယနေ့ခေတ်ကမ္ဘာကြီးသည်၊ ကျွန်တော်တို့ ဘိုဘွားများမွေးဖွားခဲ့သည့် ကမ္ဘာကြီးနှင့် နှိုင်းယှဉ်လျှင် မှတ်မိနိုင်စရာမရှိတော့လောက်အောင် ပြောင်းလဲသွားခဲ့ပြီဖြစ်သည်။

နိုင်ငံရေးအပြောင်းအလဲများ၊ စစ်များက နိုင်ငံတို့၏နယ်နိမိတ်များကို အသစ်တဖန် ပြန်၍ရေးဆွဲနေစေပါသည်။ နိုင်ငံတို့ကို ခြေမှုန်းပစ်ပါသည်၊ နိုင်ငံသစ်များကို မွေးဖွားစေပါသည်။ ကျွန်တော်တို့သည် အ

မှောင်ခေတ်(dark age)မှ အာကာသခေတ်(space age)သို့ ရောက်ကြပြီဖြစ်သည်။ သို့သော် အာကာသခေတ်သည် ပြီးခဲ့သည်ခေတ်တို့ထက် ပို၍အမှောင်နည်းလား မနည်းသလားဆိုသည်ကိုမူ သံသယဖြစ်စရာ ရှိနေပါသည်။ ပို၍မှောင်သောခေတ်ဟုလည်း ပြောနိုင်စရာရှိပါသည်၊ အဘယ်ကြောင့်ဆိုသော် အရာခပ်သိမ်း၏ အဆုံးသတ်ချိန်သည် ပို၍နီးကပ်လာနေသောကြောင့်ဖြစ်ပါသည်။

အသင်းတော်ထဲ၌ပင် အပြောင်းအလဲများ ဖြစ်ပျက်နေပါသည်။ ပြီးခဲ့သောနှစ်များအတွင်း ကြီးမားသောအသင်းတော်ပြန်လည်ပြုပြင်ခြင်းသာ ထွက်ပေါ်လာခဲ့သည်မဟုတ်ပါ၊ အသင်းတော်ပြန်လည်ပြုပြင်ခြင်းက အောင်နိုင်ခဲ့သော အရာတိုင်းနီးပါးကို ပြန်လည်၍ဆုံးရှုံးခဲ့ရခြင်းသည်လည်း ဖြစ်ပျက်ခဲ့ပါသည်။ လူအများ၏ချစ်ခြင်းသည် အေးခဲလာကာ၊ ဆိုးညစ်မှုသည် ပို၍များပြားလာနေပါသည် (မဿဲ ၂၄း၁၀–၁၂)။ သစ္စာရှိသောအသင်းတော်သည် "ရန်သူများအဝိုင်းခံရသည့်မြို့သဖွယ်" (ဟေရှာ ၁း၈) ပို၍ပို၍ ဖြစ်လာနေပါသည်။ ယနေ့ဖြစ်နေသည်များကိုကြည့်ရသည်မှာ သခင်ယေရှုခရစ်တော်၏အသင်းတော်အတွက် နိမိတ်မကောင်းခြင်းများကိုသာ တွေ့နေရပါသည်။

ကျွန်တော်တို့၏ မိသားစုများထဲတွင်လဲ ကြီးမားသောအပြောင်းအလဲများကို တွေ့ခဲ့ကြရပါသည်။ အားလုံးသည် ပျော်စရာကောင်းလှသည်ချည်း မဟုတ်ကြပါ။ အချို့တို့အတွက်၊ နှစ်သစ်သည် ပျော်ရွှင်စရာများနှင့် ကျန်းမာခြင်းများကိုငှင်း၊ ထိမ်းမြားခြင်းနှင့်သားသမီးများကိုငှင်း၊ အောင်မြင်ခြင်းနှင့် ပြေလည်ခြင်းများကို ၄င်း ယူဆောင်လာခြင်း ဖြစ်ပါလိမ့်မည်။ သို့သော် အချို့တို့အတွက်မူ နှစ်သစ်သည် ဆုံးရှုံးခြင်းများနှင့် ပြဿနာများ၊ ဝေဒနာခံစားခြင်းနှင့်နာကျင်မှုများကိုသာ ယူဆောင်လာပါသည်။ ကျွန်တော်တို့ထဲမှ တချို့တို့သည် မနှစ်ကသေဆုံးခဲ့သော ချစ်ရသူအတွက် ကြေကွဲလျှက်သာ ရှိနေပါဦးမည်။ အချို့တို့မှာမူ လွန်ခဲ့သောနှစ်သည် ဆိုးရွားလှသောစုံစမ်းခြင်းများကို ခါးသီးစွာခံရသောအချိန်သာ ဖြစ်နိုင်ပါသည်။

နောက်တနှစ်က ဘာကိုထပ်ယူလာဦးမည်နည်း? နောက်ဆယ်စုနှစ်? နောက်ရာစုနှစ်?

လူအများက သူတို့သည် ပရောဖက်များဖြစ်ကြသည်ဟု ပြောကြသော်လည်း၊ မည်သူမျှ မသိကြပါ။ ဤအချက်တခုကိုတော့ အသေအချာသိနိုင်ပါသည်၊– ကမ္ဘာကြီး ဆက်လက်တည်မြဲနေသ၍၊ ပြောင်းလဲနေသောခုနှစ်များက ပို၍များပြားသောပြောင်းလဲခြင်းများ၊ ဆုတ်ယုတ်ခြင်းများကို သယ်ဆောင်လာပါလိမ့်မည်။ အဘယ်ကြောင့်ဆိုသော် ယနေ့တိုင်အောင် ကျွန်တော်တို့နေထိုင်သောကမ္ဘာကြီးသည်၊ အိုဟောင်းလှပြီဖြစ်သော ယွင်းကပင်ရှိနေခဲ့သော အပြစ်၊ အမိုက်မှောင်၊ သေခြင်းတို့၏ကမ္ဘာကြီး ဖြစ်သောကြောင့်ဖြစ်ပါသည်။

သို့သော် ဘုရားသခင်သည် မပြောင်းလဲပါ။ ၄င်းသည် မပြောင်းသောဘုရားဟုပြောရခြင်း၏ အဓိပ္ပါယ်မှန်ဖြစ်ပါသည်။ သူသည် မပြောင်းနိုင်ပါ။ သူသည် မပြောင်းလဲသော ယေဟောဝါဖြစ်ပါသည်(မာလခိ ၃း၆)။ "အလင်း၏အဘသည် ရွေ့လျော့တိမ်းယိမ်းခြင်းမရှိ၊ ပြောင်းလဲခြင်းအရိပ်နှင့် ကင်းလွတ်တော်မူ၏" (ယာကုပ် ၁း၁၇)။ ကျွန်တော်တို့သည် ဤဝန်ခံချက်ကိုလည်း ပြုကြပါသည်၊ "ကိုယ်တော်သည် ထာဝရကာလမှ ထာဝရကာလတိုင် ဘုရားသခင်ဖြစ်တော်မူ၏၊" ဆာလံ ၉၀း၂။

အရာခပ်သိမ်းအတွက် ချမှတ်ထားတော်မူသော ရည်ရွယ်ချက်၊ စီမံကိန်းတို့ကို ဘုရားသခင်သည် ဘယ်တော့မှ ပြောင်းမပစ်ပါ။ မိမိလူတို့ကို ကယ်တင်ဖို့ရန် ယနေ့တိုင် အလိုတော်ရှိပါသည်။ ထို့အပြင် သူ၏တန်ခိုးတော်သည်လည်း ဘယ်တော့မှပြောင်းမသွားပါ၊ အနန္တတန်ခိုးတော်ရှင် ကောင်းကင်နှင့်မြေကြီးကို အစိုးရတော်မူသောအရှင်အဖြစ် အမြဲရှိနေတော်မူပါသည်။ သူသည် ယနေ့တိုင်အောင် အရာခပ်သိမ်းကို အုပ်ချုပ်ကြိုးကိုင်တော်မူ၍၊ လမ်းညွှန်တော်မူနေပါသည်(ဆာလံ ၁၁၅း၃)။ ကျွန်တော်တို့ထံသို့ ဖြစ်ပျက်နေသော အကြောင်းအရာအားလုံးလည်း အပါအဝင်ဖြစ်ပါသည်။ ထိုအရာတို့အပြင် သူ၏ချစ်ခြင်းနှင့်ကျေးဇူးတရားတို့ကို ဘယ်သောအခါမှ ပြောင်းလဲစေတော်မမူပါ။ သူသည် ကျွန်တော်တို့ကို ဘယ်တော့မှ မေ့တော်မမူပါ၊ ပစ်ထား

တော်မမူပါ။ တခါတရံ မေ့နေသည် ပစ်ထားသည်ဟု ကျွန်တော်တို့ကထင်တတ်သော်လည်း မဟုတ်ပါ။ ထိုအချက်ကို အထူးသဖြင့် ကျွန်တော်တို့က သေချာနေရသည့်အကြောင်းမှာ သခင်ယေရှုရေစ်တော်အတွက်ကြောင့်ဖြစ်ပါသည်၊ သူ့အားဖြင့် ပြောင်းလဲခြင်းမရှိသောဘုရားသခင်သည် မိမိကိုယ်ကို "မနေ့၊ ယနေ့၊ နောင်ကာလ မပြောင်းလဲသောသူ"ဟု ဖွင့်ပြတော်မူပါသည်(ဟေဗြဲ ၁၃း၈)။ သခင်ရေစ်တော်အားဖြင့် ပြောင်းလဲတော်မမူသောဘုရားသခင်သည် အရာခပ်သိမ်းကို ကျွန်တော်တို့ကောင်းဖို့အတွက်သာ ဖြစ်စေတော်မူမည်ဟု အာမခံချက်ပေးနေပါသည် (ရောမ ၈း၂၈)။ ထို့အပြင် ကျေးဇူးတော်၏စတင်နေသောကောင်းမြတ်ခြင်းသည် အချိန်တန်သောအခါ ပြီးပြည့်စုံမည်ဖြစ်ပါသည် (ဖိ ၁း၆)။

ကျွန်တော်တို့၏ဘုရားသခင်သည် ပြောင်းလဲခြင်းရှိတော်မမူဟု သိရခြင်းသည် အလွန်နှစ်သိမ့်စရာကောင်းလှသည်မဟုတ်ပါလား? သူ၏ထံတော်တွင် ကျွန်တော်တို့သည် ပြောင်းလဲတော်မမူသော သခင်ယေရှုအားဖြင့် စိတ်ချလက်ချ ရှိနေကြပါသည်။

## ဘုရားသခင်၏ဝိညာဉ်ဖြစ်တော်မူခြင်းအကြောင်း(God's Spirituality)

ဘုရားသခင်အား ဝတ်ပြုခြင်းအကြောင်းနှင့်ပတ်သက်၍ ဓမ္မသစ်ကျမ်းစာကသင်ပေးသမျှသည် "ဘုရားသခင်သည် နာမ်ဝိညာဉ်ဖြစ်တော်မူ၏" ဆိုသောအမှန်တရားအပေါ်တွင် အခြေခံလျက်ရှိပါသည်။ ယော ၄း၂၄ က "ဘုရားသခင်သည် ဝိညာဉ်ဖြစ်၏၊ ထို့ကြောင့် ဘုရားသခင်ကို ဝတ်ပြုသောသူသည် ဝိညာဉ်နှင့်၎င်း၊ အမှန်တရားနှင့်၎င်း ဝတ်ပြုရမည်"ဟု ပြောပါသည်။ ဘာကို ဆိုလိုပါသနည်း? အဘယ်ကြောင့်အရေးကြီးရပါသနည်း? တဦးချင်းဖြစ်စေ၊ အသင်းတော်လိုက်ဖြစ်စေ၊ ကျွန်တော်တို့က သူ့ကိုကိုးကွယ်ရာတွင် ဘုရားသခင် ၏ဝိညာဉ်ဖြစ်တော်မူခြင်းသည် အဘယ်ကြောင့် အခြေခံအကြောင်းတရား ဖြစ်နေရပါသနည်း?

ဘုရားသခင်အားဝတ်ပြုကိုးကွယ်ရာတွင်၊ ဘုရားသခင်၏ဝိညာဉ်ဖြစ်တော်မူခြင်း၏အဓိပ္ပါယ်မှာ အထူးသဖြင့် သူသည် မျက်စိဖြင့်မြင်၍မရပါ(အရှုပ)ဟုဆိုလိုခြင်းဖြစ်ပါသည်။ သူ့ကို မြင်၍မရယုံတင်မကပါ၊ သူသည် ကြီးမြတ်လွန်း၍၊ ဘုန်းတန်ခိုးတော်ကြီးမားလွန်း၍ မြင်လည်းမမြင်နိုင်ပါ။ သာမန်မျက်စိဖြင့် နေကိုကြည့်၍ မရသကဲ့သို့ လူသားကလည်း ဘုရားသခင်၏ဘုန်းတန်ခိုးတော်နှင့်အသက်ရှင်ပုံကို တွေ့၍မရနိုင်ပါ (၁တိ ၆း၁၆၊ "မမြင်နိုင်ရာ" ဆိုသည့်စကားကို သတိပြုပါ။)

ဘုရားသခင်၏ဘုန်းတော်ကို တွေ့ရှိခြင်းမှန်သမျှသည် သခင်ယေရှုရေစ်တော်၏မျက်နှာပေါ်၌ရှိနေသော ဘုရားသခင်၏ဘုန်းတော်သာဖြစ်ပါသည်၊ သခင်ယေရှုထံတော်တွင် ဘုရားသခင်၏ဘုန်းအသရေတော်ရှိသမျှသည် အလုံးအစုံလိုက်ရှိနေတော်မူပါသည်(၂ကော ၄း၆၊ ကော ၂း၉)။ "ငါ့ကိုတွေ့သောသူသည် ခမည်းတော်ကိုတွေ့၏"ဟု သခင်ယေရှုကပြောခဲ့ပါသည်(ယော ၁၄း၉)။

ထိုအချက်သည် ဘုရားသခင်ကိုဝတ်ပြုရာတွင် အလွန်အရေးပါပါသည်။

ပထမအနေနှင့် ဘုရားသခင်သည် ဝိညာဉ်ဖြစ်သောကြောင့် သူ့ကို မည်သို့သောရုပ်တုဆင်းတုပုံသဏ္ဍာန်နှင့်မျှ ကိုးကွယ်၍မရပါ။ လက်ဖြင့်လုပ်သောအရာဖြစ်စေ၊ လူ၏ စိတ်နှလုံးထဲ တွေးတောကြံစည်ခြင်းဖြင့်ဖြစ်စေ မည်သည့်ရုပ်တုပုံစံနှင့်မှ ကိုးကွယ်၍မရပါ။ မည်သူသည် မမြင်ရသောဘုရား၏ပုံစံကို ထုနိုင်မည်နည်း? လုပ်နိုင်ပါသည်ဟု ပြောနေပါဦးတော့ လိမ်ညာခြင်းသာဖြစ်နေပါမည်။

ထိုအချက်မှန်သည်ဆိုလျှင်၊ မှားယွင်းသည့်သွန်သင်မှုတိုင်းသည်၎င်း၊ ဘုရားသခင်၏နှုတ်ကပတ်တော်ကို မကောင်းပြောခြင်းတိုင်းသည်၎င်း "ရုပ်တုတမျိုး"သာဖြစ်နေပါမည်၊ သူ၏ဘုန်းတော်နှင့်မတန်သောအရာများသာ ဖြစ်နေပါသည်။ ထို့ကြောင့် ကျွန်တော်တို့သည် ဘုရားသခင်ကို ဝတ်ပြုကိုးကွယ်ရာတွင် ဘုရားသခင်နှင့်ပတ်သက်၍ မည်သို့ပြောသည်၊ မည်သို့တွေးသည် စသည်တို့သည် အလွန်အရေးကြီးကြပါသည်။

ဒုတိယအနေနှင့် ဘုရားသခင်သည် ဝိညာဉ်ဖြစ်တော်မူ၍ သူ့ကို နုတ်ကပတ်တော်အားဖြင့်သာ ဝတ်ပြုကြရပါမည်။ အဘယ်ကြောင့်ဆိုသော် ဘုရားသခင်သည် သူ၏ဘုန်းတော်နှင့်မိမိကိုယ်ကိုကို နုတ်ကပတ်တော်၌သာ ဖွင့်ပြတော်မူ၍ဖြစ်ပါသည်။ ယော ၄း၂၄တွင် သခင်ယေရှုကပြောပြနေသောအရာသည် ထိုအချက် ဖြစ်ပါသည်။

ကျွန်တော်တို့ဝတ်ပြုခြင်းတွင် ပါဝင်သောအရာမှန်သမျှသည် ကျမ်းစာ၏အမှန်တရားတို့သာ ဖြစ်ရပါမည်။ ထိုမျှသာမကပါ၊ ဝတ်ပြုခြင်းနည်းလမ်းသည်လည်း ကျမ်းစာကပြောသောဥပဒေသများအတိုင်း ဖြစ်ရပါမည်။ ကျမ်းစာကပြောပြသောအမှန်တရားက ဝတ်ပြုခြင်းတွင် ဘာတွေကိုပြုရမည်၊ မည်သို့မည်ပုံ ဝတ်ပြုရမည် ဆိုသည်တို့ကို သတ်မှတ်ထိန်းချုပ်ရပါမည်။ ထိုသို့ဖြစ်ကိုဖြစ်ရပါမည်။ လူသားက မည်သို့လျှင် သူမမြင်နိုင်သော ဘုရားကိုဝတ်ပြုရာတွင် ဘာတွေပါရမည်၊ ဘယ်လိုလုပ်ရမည်ဟု ဆုံးဖြတ်နိုင်ပါမည်နည်း? မည်သည့်အရာသည် ကိုက်ညီပါသည်ဟု လူသားက မည်သို့သိနိုင်ပါမည်နည်း?

တတိယအနေနှင့် ဘုရားသခင်သည် ဝိညာဉ်ဖြစ်သောကြောင့် သူ့ကို နှလုံးသားမှ ဝတ်ပြုရပါမည်၊ အပေါ်ယံကျော ခေလ့ထုံးစံအရသာ ဝတ်ပြုခြင်းမျိုးသည် မဖြစ်နိုင်သောအရာဖြစ်ပါသည်။ ယော ၄း၂၄ က ပြောသော "ဝိညာဉ်ဖြင့်ဝတ်ပြုပါ"ဆိုခြင်းသည် သန့်ရှင်းသောဝိညာဉ်တော်ဖြင့် ဝတ်ပြုခြင်းကို မဆိုလိုပါ၊ ကျွန်တော်တို့၏ ဝိညာဉ်များကို ပြောနေခြင်းဖြစ်ပါသည်။ အပေါ်ယံအလှအပအတွက် ဝတ်ပြုခြင်း၊ အသွေးအသားမှ ခံစား၍ကောင်းဖို့သက်သက် ဝတ်ပြုခြင်း၊ အင်မတန် လောကဆန်စွာ ဝတ်ပြုခြင်းအားလုံးတို့ကို ဆန့်ကျင်၍ ပြောနေခြင်းဖြစ်သည်။

ယနေ့ခေတ်အသင်းတော်များက ထိုအချက်များအားလုံးကို မေ့နေကြပြီဖြစ်ပါသည်။ ဝတ်ပြုရာတွင် အမှန်တရားကို မျိုးစုံသောအကြောင်းများနှင့် အစားထိုးနေကြပြီဖြစ်သည်။ ဝတ်ပြုရာနေရာတွင် အပေါ်ယံအလှအပ၊ အော့နှလုံးနာစရာ၊ အန်ချင်စရာကောင်းသော အသွေးအသားခံစားမှုကောင်းဖို့ ဇာတိက သဘောကျဖို့ လောကကြီး၏ ဖျော်ဖြေတင်ဆက်မှုနှင့် ဘာမှမထူးသောဖျော်ဖြေမှုများကိုသာ ပြုလုပ်နေကြပါသည်။ ထိုသို့သော ဝတ်ပြုခြင်းက ဘုရားသခင်စိတ်တော်ကို ကျေနပ်မှုမပေးနိုင်ပါ။

ဘုရားသခင်ကို ကျေနပ်ခြင်းမပေးသောဝတ်ပြုခြင်းပုံစံ ဥပမာမှာ ရုပ်တုများ၊ ရုပ်ပုံများဖြင့် ဝတ်ပြုခြင်းဖြစ်ပါသည်။ ၄င်းတို့ကို ဘုရားသခင် ရွံပါသည်။ ၄င်းတို့က မျက်မြင်မရသောဘုရားသခင်ကို ကိုယ်စားမပြုနိုင်ပါ၊ ကိုယ်စားလည်းမပြုပါ။ ၄င်းတို့ကိုသုံးခြင်းက မြင်ခြင်းတွင်တည်သော၊ ထိတွေ့ခြင်းကိုအဓိကထားသော ဝတ်ပြုခြင်းကို ထုတ်လုပ်ပါသည်။ ထိုသို့သော်ဝတ်ပြုခြင်းသည် ဘုရားသခင်သည် ဝိညာဉ်ဖြစ်သည်ဆိုသော အမှန်တရားနှင့် ဘယ်လိုမှမကိုက်ညီနိုင်ပါ။ သူ့ကို မြင်၍မရပါ၊ ထိတွေ့၍လည်း မရပါ။

ထို့ကြောင့် ဘုရားသခင်က သူ၏ကျေးဇူးတော်တန်ခိုးအားဖြင့် သူသည် ဝိညာဉ်ဖြစ်ကြောင်း လူအများကို သင်ပေးဖို့ရန် ဆုတောင်းရပါမည်၊ ထိုသို့ဖြင့် ရုပ်တုကိုးကွယ်လွန်းသော၊ အမှန်တရားကိုလစ်လျူရှုလွန်းသော ယနေ့ခေတ်ကြီး၌ သူ့ကို ဝိညာဉ်အားဖြင့်၄င်း၊ အမှန်တရားအားဖြင့်၄င်း ကိုးကွယ်သူတို့ကို တွေ့နိုင်မည်ဖြစ်ပါသည်။

(Doctrine According to Godliness, Rev. Ronald Hanko၏စာအုပ်မှ ဘာသာပြန်ပါသည်)

++++++++++++++++++++++++++++++++++++++++++++++++++

## ဗျာဒိတ်ကျမ်းကိုဖွင့်ဟကြည့်ခြင်း (၆)

၂း၁၂-၁၇

၁၂ – ပေရဂံမြို့၌ရှိသော အသင်းတော်၏တမန်ကို ဤသို့ရေး၍ မှာလိုက်လော့။ ထက်သောသန်လျက်ရှိသောသူ ၏ အမိန့်တော်ကား။

၁၃ – သင်အကျင့်ကျင့်ခြင်းကိုငှင်း၊ စာတန်၏ရာဇပလင်ရှိရာအရပ်တည်းဟူသော သင်၏နေရာအရပ်ကိုငှင်း ငါသိ၏။ စာတန်နေရာ အရပ်၌ သင်တို့တွင် အသေသတ်ခြင်းကိုခံရသော အန္တိပသည် သစ္စာရှိ၍ ငါ့ ဘက်၌ သက်သေခံရသော နေ့ရက်ကာလတွင်ပင်၊  သင်သည် ငါ ၏နာမကို စွဲကိုင်၏။ ငါ၏ယုံကြည်ခြင်းတရားကို မစွန့်ပယ်။

၁၄ – သို့သော်လည်း ဣသရေလအမျိုးသားတို့သည် ရုပ်တုရှေ့မှာပူဇော်သောယဇ်ကောင်ကို စားစေခြင်းငှာငှင်း၊ မတရားသောမေထုန် ကို ပြုစေခြင်းငှာငှင်း၊ ထိမိ၍လဲစရာအရာကို သူတို့ရှေ့၌ ချထားမည်အကြောင်း၊ ဗာလက်မင်းကို အကြံပေးသောသူတည်းဟူသော ဗာ လမ် ၏အယူကို စွဲလမ်းသူတို့သည် သင်၏နေရာ၌ ရှိကြသည်ဖြစ်၍၊ သင်၌ အနည်းငယ်သောအပြစ်တင်စရာရှိ၏။

၁၅ – ထိုအယူနှင့်သဘောတူသော နိကောလတပည့်တို့၏အယူကို စွဲလမ်းသောသူတို့သည် ထိုနည်းတူ သင်၌ရှိကြ၏။

၁၆ – ထို့ကြောင့် နောင်တရလော့။ မရလျှင် သင်ရှိရာသို့ ငါအလျှင်အမြန်လာမည်။ ထိုသူတို့ကို ငါ့ခံတွင်း၏ သံလျက်နှင့် စစ်တိုက်မည်။

၁၇ – ဝိညာဉ်တော်သည် အသင်းတော်တို့အား အဘယ်သို့မိန့်တော်မူသည်ကို နားရှိသောသူမည်သည်ကား ကြားပါစေ။ အကြင်သူသည် အောင်မြင်၏။ ဝှက်ထားသောမန္နကိုငှင်း၊ ကျောက်ဖြူလက်ဖွဲ့ကိုငှင်း၊ ထိုကျောက်ပေါ်၌ အက္ခရာတင်သော နာမသစ်ကိုငှင်း၊ ထိုသူအား ငါပေးမည်။ ထိုကျောက်ကိုရသောသူမှတပါး အဘယ်သူမျှ ထိုနာမကို မသိနိုင်။

၁။ ပေရဂံမြို့သည် စမုရနမြို့၏မြောက်ဖက်၊ ကိုင်းကပ်(စ်)မြစ်၏ မြောက်ဖက်ကမ်းတွင်တည်ရှိသည်။ လှပမှု၊ အတတ်ပညာနှင့် အဲစ်ခူလာပီးယပ်စ်နတ်ဘုရား၏နတ်ကွန်းကြောင့် နာမည်ကြီးသောမြို့ဖြစ်သည်။

သခင်ယေရှုက ဤအသင်းတော်သို့ မိမိကိုယ်ကို အသွားနှစ်ဖက်ရှိဓါးကို ကိုင်ဆောင်သူအဖြစ် ဖေါ်ပြပါသည်။ ထိုအချက်ကြောင့် တရားစီရင်ခြင်းအကြောင်းပြောတော့မည်ကို ကြိုတင်ခန့်မှန်းနိုင်ပါသည်။

၂။ ပေရဂံအသင်းတော်သည် အကြပ်အတည်းများကြားရောက်နေသောအသင်းတော်ဖြစ်သည်။ စာတန်၏ ပလ္လင်သည် ထိုမြို့အထဲတွင် ရှိနေပါသည်။ တကယ့်ကိုစာတန်က ထိန်းချုပ်နေသည်ဟုဆိုလိုခြင်းဖြစ်ပါသည်။ စာတန်သည် ပေရဂံမြို့ကို သူ့အိမ်လိုသဘောထားသည်။ ထိုအချက်မှ သိနိုင်သည်မှာ ပေရဂံမြို့သည် ရုပ်တု အလွန်ကိုးကွယ်သောမြို့ဖြစ်သည်။

ယုံကြည်သူတို့သည် ထိုမြို့တွင် မာတုရအဖြစ် မိမိတို့ယုံကြည်ခြင်းကြောင့် အသေခံကြရပါသည်။ အနာရောဂါများကိုပျောက်ကင်းစေသူ၊ ကယ်တင်ရှင်ဟူ၍ ကိုးကွယ်ကြသည့် အဲစ်ခူလာပီးယပ်စ်နတ်ဘုရားကို ပူဇော်ကြသည့်ပွဲများတွင်ဖြစ်ပါလိမ့်မည်။ ထိုနတ်၏အထိန်းအမှတ်မှာ မြွေပုံဖြစ်ပါသည်။ အန္တိပဆိုသော ယုံကြည်သူတယောက် အသတ်ခံရချိန်ကထဲက သူတို့သည် ယုံကြည်ခြင်းအတွက် နှိပ်စက်ညှင်းဆဲခြင်းကို လက်တွေ့ခံနေကြရပြီဖြစ်သည်။ အန္တိပ၏အကြောင်းကို ထို့ထက်ပို၍ ဘာကိုမှမသိနိုင်ကြတော့ပါ။ သူ့ကို "သစ္စာရှိသောမာတုရ"ဟုခေါ်ပါသည်၊ "သေသည့်တိုင်အောင် သက်သေခံသွားသူ"ဟုခေါ်ရပါမည်။

အသင်းတော်သည် သစ္စာရှိစွာ ဆက်လက်ရပ်တည်ပါသည်။ ထို့ကြောင့် "ငါ၏နာမကိုစွဲကိုင်သည်" ဟုပြောခြင်းဖြစ်သည်။ သူ၏နာမသည် သခင်ခရစ်တော်က သူ၏တန်ခိုးစွမ်းအားကြွယ်ဝခြင်းအားလုံးကိုဖွင့်ပြခြင်းဖြစ်သည်။ ထိုနာမကို စွဲကိုင်ခြင်းဆိုသည်မှာ သခင်ခရစ်တော်၏နာမကို ဝန်ခံသောအသက်တာ၌နေထိုင်ခြင်း၊ ယုံကြည်ခြင်းဖြင့်အသက်ရှင်ခြင်းကို ဆိုလိုပါသည်။

"ငါ၏ယုံကြည်ခြင်းတရားကို မစွန့်ပယ်"ဟုလည်းဆက်ပြောပါသည်။ သခင်ယေရှုခရစ်၏ယုံကြည်ခြင်း ဆိုသည်မှာ သခင်ယေရှုနှင့်ပတ်သက်သည်များအား ယုံကြည်ခြင်းကို ဆိုလိုပါသည်။ သခင်ယေရှုကို ယုံကြည်

ခြင်းဖြစ်ပါသည်။ "မစွန့်ပယ်"ဆိုသည်မှာ ထိုအမှန်တရားကို အခက်အခဲများကြားတွင်လည်း ဆက်လက် ဝန်ခံအသက်ရှင်ကြသည်ဟု ပြောခြင်းဖြစ်သည်။

၃။ ထိုအသင်းတော်၏ အားနည်းချက်မှာ မမှန်သောဆရာများကို ၄င်းတို့အလည်တွင် လက်ခံထားခြင်းဖြစ်သည်။ ၄င်းတို့မှာ နိကောလအုပ်စုဖြစ်သည်။ ၄င်းတို့ကို ဗာလန်၏ဩဝါဒကို လက်ခံသူများဟုပြောပါသည် (တောလည် ၂၅း၁၊ ၃၁း၁၆)။ ဗာလန်သည် အစ္စရေးတို့ကို ကျိန်ဆဲ၍မရသောအခါ၊ ဗာလက်မင်းကို အစ္စရေးတို့ မောဘအမျိုးသမီးများနှင့်ဖေါက်ပြန်ကြရန်အကြံပေးလျှက်၊ အစ္စရေးတို့ကို အပြစ်ထဲကျဆုံးစေခြင်းကို ရည်ညွှန်းပါသည်။ ထို့ကြောင့် နိကောလအုပ်စုဆိုသည်မှာ ခရစ်ယာန်များကို မယုံကြည်သူတို့၏ နတ်ဘုရားပွဲများတွင် ပါဝင်စေလျှက်၊ ထိုပွဲများနှင့်ဆက်စပ်၍ပါလာသော မိန်းမယောကျ်ား ကြိုက်သလိုဖေါက်ပြန်ကြခြင်းများ၌ပါဝင်ကြရန် သင်ပေးသူများဖြစ်သည်။ ခရစ်ယာန်တို့သည်လွတ်လပ်သူများဖြစ်သည်ဆိုသောအကြောင်းပြချက်နှင့်ထိုသို့ မှားယွင်းစွာသင်ကြခြင်းဖြစ်သည်။ ထို့ကြောင့် အသင်းတော်တွင် ဆိုးညစ်ခြင်းတို့ ပိုများလာပါတော့သည်။ အသင်းတော်တစုလုံးက ထိုသွန်သင်ချက်အမှားကို ယုံကြည်သည်တော့မဟုတ်ပါ။ သို့သော် ခရစ်ယာန်စည်းကမ်းထိန်းသိမ်းခြင်းတွင် ပေါ့လျော့လာပါသည်။ သူတို့အလယ်တွင် ထိုလူဆိုးများကို နှင်မထုတ်ဘဲ ဆက်လက်နေခိုင်းကြသည်။ သူတို့ရှိနေခြင်း၊ သွန်းသင်ခြင်းတို့ကို တာဝန်မယူဘဲ မသိသလိုနေကြသည်။

နှိပ်စက်ညှင်းဆဲခြင်းထဲတွင်ရောက်နေသော၊ သစ္စာရှိသော ပေရဂံအသင်းတော်ကဲ့သို့သော အသင်းတော်ထဲတွင် မည်ကဲ့သို့ ဆိုးညစ်သောဆရာများ ရှိနေနိုင်ပါသနည်း? ဘာကြောင့် လက်ခံနိုင်ကြရသနည်း? အဖြေမှာ ပြင်းထန်သောနှိပ်စက်ခံရခြင်းအချိန်သည် ပြီးခဲ့ပြီဖြစ်သည်(အန္တိပတို့ခေတ်တွင် ပြီးခဲ့ပြီ)။ နိကောလ အုပ်စုကဲ့သို့ လောကကြီးနှင့်ရောနှောနေထိုင်သူတို့အဖို့ နှိပ်စက်ခံရခြင်းကို ကြောက်စရာမလိုပါ။ အသင်း တော်သည် နိကောလတို့အုပ်စုကို တရားစီရင်ခြင်းဖြင့် နောက်တကြိမ် မြို့နေလူထုနှင့် ပြဿနာထပ်တက် မည်စိုးသောကြောင့်ဖြစ်ပါမည်။

၄။ အားပေးခြင်း၊ ချိန်ခြောက်ခြင်းနှင့် ကတိပေးခြင်း တို့ကို ဆက်၍တွေ့ရပါသည်။ "နောင်တရလော့"ဟုပြောခြင်းသည် လူဆိုးဆရာတို့ကိုပြောခြင်းမဟုတ်ပါ၊ အသင်းတော်တစုလုံးကိုပြောခြင်းဖြစ်သည်။ အသင်းတော်သည် လူဆိုးဆရာတို့အပေါ် ထားရှိသောအမြင်ကို ပြောင်းလဲရမည်၊ သူတို့ကို ဆုံးမရပါမည်။ ဆုံးမ၍မရလျှင် သူတို့ကို မောင်းထုတ်ရပါမည်။ အသင်းတော်သည် လူဆိုးတို့ကို လက်ခံထား၍မဖြစ်ပါ။

ထိုသို့မလုပ်လျှင် "သင်ရှိရာသို့ငါအမြန်လာမည်"ဟုပြောသည်၊ ဆိုလိုသည်မှာ သခင်ဘုရားသည် ပေရဂံမြို့ရှိ သူ၏အသင်းတော်ကို တရားစီရင်မည်ဟုပြောနေခြင်းဖြစ်သည်။ အသင်းတော်နောင်တမရလျှင် သူ ၏သဘောမကျခြင်းကို လက်တွေ့ခံစားစေမည်ဟု ပြောခြင်းဖြစ်သည်။ "ထိုသူတို့ကို ငါ့ခံတွင်း၏ သံလျက်နှင့် စစ်တိုက်မည်"ဟု ဆက်ပြောသည်။ သူကိုယ်တိုင်က ထိုလူဆိုးတို့အပေါ် တရားစီရင်ခြင်းကို သူ၏ တန်ခိုးကြီး သောနှုတ်ကပတ်တော်အားဖြင့် ရောက်စေမည်ဟု ပြောနေခြင်းဖြစ်ပါသည်။

ကတိတော်မှာ ဝှက်ထားသောမန္နမုန့်ကို သခင်ဘုရားက အောင်မြင်သူကို ပေးတော်မူမည်။ မန္နမုန့် ဆိုသည်မှာ သူ၏လူများ သဲကန္တာရထဲလှည့်လည်ချိန်တွင် ဘုရားသခင်က ပေးသော အစာဖြစ်သည်။၄င်းသည် သခင်ယေရှုကိုပုံဆောင်သော နိမိတ်ပုံဖြစ်သည်။ သခင်ယေရှုကို "အသက်မုန့်"ဟုခေါ်ပါသည်။ သူ့လူများကို ပေးတော်မူသောမုန့်ဖြစ်သည်။ ထို့ကြောင့် မန္နမုန့်ဆိုသည်မှာ ဘုရားသခင်၏ကျေးဇူးတော်နှင့် မျက်နှာသာ ပေးခံရခြင်းကို ဆိုလိုပါသည်(ယော ၆း၃၁)။ "ဝှက်ထားသော"ဟုထပ်ထည့်သည်၊ အဘယ်ကြောင့်ဆိုသော် အနာဂတ်ချိန် ကောင်းကင်ဘုံနှင့်ဆိုင်သောတဲတော်တွင် ခံစားရမည့် ဘုရားသခင်၏မျက်နှာသာပေးတော်မူခြင်းကို ရည်ညွှန်းသောကြောင့်ဖြစ်ပါသည်။

"ကျောက်ဖြူလက်ဖွဲ့" – ကျောက်တုန်းကို ရှေးကာလတွင် အကြောင်းအမျိုးမျိုးအတွက် သုံးလေ့ရှိပါသည်။ ယွန်းကျမ်းပိုဒ်တွင် အသုံးပြုသည်မှာ ကျောက်တုန်းအဖြူ(သို့)ကျောက်တုန်းအမဲကို ပစ်ချလိုက်သောဓလေ့ကို ရည်ညွှန်းနေပါသည်။ တရားရုံးများတွင် ထိုသို့ပြုခဲ့ကြပါသည်။ တရားခံကို တရားစစ်သောအခါ၊ အပြစ်မရှိ လွတ်စေဟုဆိုလျှင် တရားသူကြီးက ကျောက်တုန်းအဖြူကို ပစ်ချလိုက်ပါသည်။ ကျောက်တုန်းအမဲ ပစ်ချလျှင် အပြစ်ဒဏ်ခံစေဟုဆိုရာရောက်ပါသည်။ ထို့ကြောင့် ကျောက်ဖြူလက်ဖွဲ့ဆိုသည်မှာ အနာဂတ်တွင် ယုံကြည်သူတို့သည် တရားစီရင်ခံရခြင်းမှ လွတ်၍ ဖြောင့်မတ်သူများဟု သတ်မှတ်ခံရမည်ကို ဆိုလိုခြင်းဖြစ် သည်။

"နာမည်အသစ်"ကိုလည်း ပေးမည်ဟုဆက်ပြောပါသည်၊ နာမည်သည် တဦးတယောက်၏ ကိုယ်ပိုင်လက္ခဏာ အကျင့်စရိုက် သဘာဝကိုရည်ညွှန်းသည်။ "အသစ်"ဟုပြောသဖြင့် ဘုန်းတော်ဝင်စားပြီးအခြေအနေ သဘောသဘာဝကို ပြောနေခြင်းဖြစ်သည်။ နာမည်ရသူကသာ အဓိပ္ပါယ်ကိုသိမည်၊ ဆိုလိုသည်မှာ ကောင်းကင်သစ်မြေကြီးသစ်တွင် အားလုံးထံ၌ တယောက်စီ၏ ခြားနားမှုများ ဆက်ရှိနေဦးမည်ဟု ဆိုလိုခြင်းဖြစ်ပါသည်။ အဆုံးမရှိသော ညီညွတ်ခြင်း၊ ဟန်ချက်ညီခြင်းတို့ဖြင့် မဆုံးနိုင်သော ခြားနားမှုများကို ဆက်ရှိစေမည်ဖြစ်ပါသည်။ ထို့ကြောင့် ထိုနာမည်သစ်သည် သန့်ရှင်းသူအယောက်တိုင်း၏ ကိုယ်ပိုင်အမည်နာမများကိုပြောနေခြင်းဖြစ်ပါသည်။